# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

# ၂၀၁၅ - ခုနှစ်
# ဥပဒေများ

မာတိကာ


| စဉ် | အကြောင်းအရာ<br>ဥပဒေများ | စာမျက်နှာ<br>မှ | <br>ထိ |
|---|---|---|---|
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး ပြတိုက်နှင့် စာကြည့်တိုက်များဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁/၂၀၁၅) | ၁ | ၁၄ |
| ၂။ | စစ်ကိုင်းတိုင်းဒေသကြီးပိုင် ပစ္စည်းများ ရောင်းချခြင်း၊<br>ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်း ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၄/၂၀၁၅) | ၁၅ | ၂၃ |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး အသေးစားငွေချေးလုပ်ငန်း ဥပဒေ<br>(စစ်ကိုင်းတိုင်ဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁/၂၀၁၆) | ၂၄ | ၃၄ |

# စစ်ကိုင်းတိုင်းဒေသကြီး ပြတိုက်နှင့် စာကြည့်တိုက်များဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး ပြတိုက်နှင့်စာကြည့်တိုက်များ ဥပဒေ

( ၂၀၁၅ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁ ။ )

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် လ ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီ လ ၁၀ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ပြတိုက်နှင့် စာကြည့်တိုက်များ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကိုဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးပြတိုက်နှင့် စာကြည့် တိုက်များ ဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီကိုဆိုသည်။

(စ) **ပြတိုက်** ဆိုသည်မှာ အများပြည်သူတို့လေ့လာကြည့်ရှုရန် ရည်ရွယ်၍ ရှေးဟောင်း ပစ္စည်းများ၊ သိပ္ပံဆိုင်ရာပစ္စည်းများ ၊ အနုပညာလက်ရာများ ၊ စာပေများ သို့မဟုတ် ဗဟုသုတ ဖြစ်စေဘွယ်ရာ သို့မဟုတ် စိတ်ဝင်စားဘွယ်ရာ အခြားဝတ္ထုပစ္စည်းများ ခင်းကျင်းပြသထားသည့် နေရာ၊ အခန်း သို့မဟုတ် အဆောက်အဦများကို ဆိုသည်။

(ဆ) **စာကြည့်တိုက်** ဆိုသည်မှာ အများပြည်သူတို့ စာပေဖတ်ရှုရန် သို့မဟုတ် စာပေ ငှားရမ်းရန် ဖွင့်လှစ်ထားသည့် သို့မဟုတ် ထားရှိသည့်နေရာ သို့မဟုတ် အဆောက်အဦကို ဆိုသည်။ ယင်းစကားရပ်တွင် အများပြည်သူတို့အတွက် ရည်ရွယ်၍ ဖွင့်လှစ်ထားသည့် စာကြည့်တိုက်၊ ပိဋကတ်တိုက် ၊ စာကြည့်ခန်း ၊ စာဖတ်ခန်း ၊ စာကြည့်အသင်းနှင့် အများပြည်သူတို့ စာပေဖတ်ရှုရန် သို့မဟုတ် ငှားရမ်းရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားသည့် သို့မဟုတ်စာကြည့်တိုက်အဖြစ် အသိအမှတ်ပြုထားသည့် အခြားအလားတူနေရာ ၊ အခန်း သို့မဟုတ် အဆောက်အဦများလည်း ပါဝင်သည်။

(ဇ) **စာပေ** ဆိုသည်မှာ မည်သည့်ဘာသာဖြင့်မဆို ရေးသားထားသည့် သို့မဟုတ် ပုံနှိပ်ထားသည့် လက်ရေးစာ ၊ ပေစာ ၊ ပုရပိုက်စာ ၊ ကျောက်စာ ၊ ပုံနှိပ်စာ ၊ စာအုပ် ၊ စာအုပ် အစိတ်အပိုင်း ၊ စာတမ်း ၊ စာရွက်အပြင် တစ်သီးတစ်ခြားချုပ်လုပ်ပုံနှိပ်ထားသည့် သို့မဟုတ် ကျောက်ပုံနှိပ်ထားသည့် အခြားနည်း စက်ဖြင့်ပြုလုပ်ထားသည့် တူရိယာ၊ တီးကွက်ပုံ၊ မြေပုံ၊ နယ်ပုံနှင့် ပုံစံအားလုံးလည်းပါဝင်သည်။

(ဈ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသော ပြတိုက်နှင့် စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိခြင်းအား ခွင့်ပြုသည့် မှတ်ပုံတင် လက်မှတ်ကို ဆိုသည်။

(ည) **ဦးစီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများကို ဆိုသည်။

(ဋ) **တိုင်းဒေသကြီးဦးစီးဌာနမှူး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဦးစီးဌာနမှူးကို ဆိုသည်။

(ဌ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဝန်ကြီးက စစ်ဆေးရေးအဖွဲ့အဖြစ် တာဝန် ပေးအပ်သည့် အဖွဲ့ကို ဆိုသည်။

(ဍ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် ခန့်အပ်ထားသည့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးဌာနမှူးများကို ဆိုသည်။

# အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားယဉ်ကျေးမှုအမွေအနှစ်၊ ရှေးဟောင်းပစ္စည်းများ၊ ပြည်တွင်း ပြည်ပမှ ထုတ်ဝေသော ပုံနှိပ်စာများ၊ နိုင်ငံတကာမှထုတ်ဝေသော မြန်မာနိုင်ငံနှင့် တိုင်းရင်းသားလူမျိုးများဆိုင်ရာ စာစုနှင့် အရှေ့တောင်အာရှ ဆိုင်ရာ စာစုတို့ကို ပြည့်စုံအောင်စုဆောင်း၍ အမျိုးသားစာပေစုအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရန် ၊

(ခ) စုဆောင်းထားရှိသော စာပေပစ္စည်းများကို စာပေသုတေသီများနှင့် ပြည်သူတစ်ရပ်လုံး ရည်ညွှန်းကိုးကားအသုံးပြုနိုင်ရန် ၊

(ဂ) ပြတိုက်နှင့် အများပြည်သူစာကြည့်တိုက်များကို ခေတ်မီနည်းပညာသုံး ပြတိုက်နှင့် စာကြည့်တိုက်များ ဖြစ်စေရေးဆောင်ရွက်ရန် ၊

(ဃ) ပြတိုက်နှင့် အများပြည်သူစာကြည့်တိုက်စနစ် အားကောင်းလာစေရန် ပြတိုက်မှူး ၊ စာကြည့်တိုက်မှူးတို့အား ပြတိုက်နှင့် စာကြည့်တိုက်တို့၏ နည်းပညာများ၊ ဝန်ဆောင်မှုများ လေ့ကျင့်သင်ကြားပေးရန်၊

(င) နည်းပညာသုံး ပြတိုက်နှင့် စာကြည့်တိုက်များ အဆင့်မြင့်မွမ်းမံခြင်းများကို ပြတိုက်နှင့် စာကြည့်တိုက်များ အဆင့်မြှင့်တင်ရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ၊

(စ) စာဖတ်သည့်အလေ့အထများ ပြုစုပျိုးထောင်ပေးခြင်းဖြင့် စာဖတ်ရှိန်မြင့်မား လာစေခြင်းနှင့် ဗဟုသုတရရှိစေခြင်းတို့အတွက် ပြတိုက်နှင့် စာကြည့် တိုက်များ အသုံးပြုမှု ပိုမို ရင်းနှီးကျွမ်းဝင်လာစေရန် ၊

(ဆ) စာပေချစ်မြတ်နိုးသည့် အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ရန်၊

(ဇ) စာပေဗဟုသုတမှတစ်ဆင့် နိုင်ငံနှင့်နိုင်ငံသားတို့၏ ယဉ်ကျေးမှုဓလေ့ ထုံးစံများကို ကောင်းစွာသိရှိပြီး တန်ဖိုးထား ထိန်းသိမ်းမြတ်နိုးလာစေရန် ၊

(ဈ) ကျေးရွာစာကြည့်တိုက်များ၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးတွင် အထောက်အကူဖြစ်စေရန်၊

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် -

(က) ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း ၊ တိုင်းဒေသကြီးဦးစီးဌာနမှူးက အတွင်းရေးမှူးအဖြစ် လည်းကောင်း ၊ သက်ဆိုင်ရာအစိုးရဌာနနှင့် အသင်းအဖွဲ့များမှ သင့်လျော်သော ပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်သောကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော မူဝါဒများချမှတ်ခြင်း ၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း ၊

(ခ) ပြတိုက်နှင့် စာကြည့်တိုက်ပညာပြန့်ပွားရေးလုပ်ငန်းစဉ်များကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအဖြစ် စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) ပြတိုက်နှင့် စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ထားရှိရေးအတွက် မှတ်ပုံတင် လျှောက်ထားချက်အပေါ် သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိမရှိ စိစစ်ခြင်း ၊

(ဃ) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခြင်းနှင့် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ငြင်းပယ်ခြင်း၊

(င) ပြတိုက်နှင့်စာကြည့်တိုက် တည်ထောင်ဖွင့်လှစ်ထားရှိရန် မှတ်ပုံတင်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(စ) ပြတိုက်နှင့် စာကြည့်တိုက်များ မှတ်ပုံတင်သက်တမ်း ၊ မှတ်ပုံတင်ခ ၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးတို့အား သတ်မှတ်ခြင်း၊

(ဆ) သတ်မှတ်ထားသော အခကြေးငွေကိုပေးဆောင်စေ၍ ပြတိုက်နှင့်

စာကြည့်တိုက်မှတ်ပုံတင် သက်တမ်းများ တိုးမြှင့်ပေးခြင်း ၊

(ဇ) လိုအပ်ပါက ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မတီများ ဖွဲ့စည်း တာဝန် ပေးအပ်ခြင်း ၊

(ဈ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## မှတ်ပုံတင်ခြင်း

၆။ ပြတိုက် သို့မဟုတ် စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိခြင်းတို့ကို ဆောင်ရွက်လိုသူများသည် ဤဥပဒေအရ မှတ်ပုံတင်ရန် လျှောက်လွှာနှင့်အတူ သတ်မှတ်ထားသည့် စာရွက်စာတမ်းများ ပူးတွဲလျက် သတ်မှတ်ထားသည့်နည်းလမ်းနှင့်အညီ သတ်မှတ်ထားသည့်ကာလအပိုင်းအခြားအတွင်း ကော်မတီသို့ လျှောက်ထားရမည်။

၇။ ကော်မတီသည် -

(က) ပြတိုက် သို့မဟုတ် စာကြည့်တိုက်များ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့် ပြည့်စုံညီညွတ်မှု ရှိ မရှိ စိစစ်ရမည်။

(ခ) ပြတိုက် သို့မဟုတ် စာကြည့်တိုက်များ မှတ်ပုံတင်ထုတ်မပေးမီ လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ သဘောထားမှတ်ချက် တောင်းခံရမည်။

(ဂ) သတ်မှတ်ချက်များနှင့် ပြည့်စုံညီညွတ်ပါက ပြတိုက် သို့မဟုတ် စာကြည့်တိုက်များမှတ်ပုံတင်ကို ထုတ်ပေးရမည်။

၈။ ကော်မတီသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပြတိုက်နှင့်စာကြည့်တိုက်များ မှတ်ပုံတင် သက်တမ်း ၊ မှတ်ပုံတင်ခ ၊ သက်တမ်းတိုးမြှင့်ခ ၊ ရက်လွန်ကြေးနှင့် ဒဏ်ကြေးတို့ကို သတ်မှတ်ပေးရမည်။

၉။ ပြတိုက်နှင့် စာကြည့်တိုက်များ မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသဖြင့် သက်တမ်းတိုးမြှင့်လိုသူသည် -

(က) သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

(ခ) ကော်မတီသည် သတ်မှတ်ထားသောအခကြေးငွေကို ပေးဆောင်စေ၍ မှတ်ပုံတင်သက်တမ်းကို တိုးမြှင့်ပေးနိုင်သည်။

၁၀။ ပြတိုက်နှင့်စာကြည့်တိုက်များ မှတ်ပုံတင်သက်တမ်း ကုန်ဆုံးလျှင်ဖြစ်စေ၊ ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ ၊ မှတ်ပုံတင်ရရှိသူက ပြန်လည်အပ်နှံလျှင်ဖြစ်စေ ၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခြင်းခံရလျှင်ဖြစ်စေ အဆိုပါမှတ်ပုံတင် ပျက်ပြယ်သည်။

၁၁။ ကော်မတီသည် ဤဥပဒေအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိ၏ စီမံကြီးကြပ်မှုဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးဌာနမှူးများအား မှတ်ပုံတင်အရာရှိများအဖြစ် လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

## အခန်း (၆)
## မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်များ

၁၂။ ပြတိုက် သို့မဟုတ် စာကြည့်တိုက်များ မှတ်ပုံတင်လက်မှတ်ရရှိသူသည် အောက်ပါ အချက်တစ်ရပ်ရပ်တွင် အကျုံးဝင်သည့်ပြုလုပ်မှုများကို ဆောင်ရွက်ခြင်းမပြုရ -

(က) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကို လည်းကောင်း၊ အခြားဘာသာသာသနာကို လည်းကောင်း ထိခိုက်နစ်နာစေမည့် အကြောင်းအရာများ ဖော်ပြခြင်း ၊

(ခ) တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆူပူအကြမ်းဖက်မှုများဖြစ်ပွားစေရန် သော်လည်းကောင်း လှုံ့ဆော်ရာ ရောက်သည့်အကြောင်းအရာများ ဖော်ပြခြင်း ၊

(ဂ) မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့ထုံးစံများကို ထိခိုက်ပျက်ပြားစေမည့် အမူအကျင့်များ ဖော်ပြခြင်း ၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြဋ္ဌာန်းချက် များကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်သည့် အကြောင်းအရာများ ဖော်ပြခြင်း ၊

(င) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်း။

၁၃။ ပြတိုက်နှင့် စာကြည့်တိုက် မှတ်ပုံတင်လက်မှတ်ရရှိသူသည် အောက်ပါ စည်းကမ်းချက်များကိုလိုက်နာရမည်-

(က) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် ပြတိုက်နှင့်စာကြည့်တိုက်များကို ဆက်လက်၍ ဖွင့်လှစ်ထားရှိလိုက သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီထံ လျှောက်ထားရမည်။

(ဂ) မှတ်ပုံတင်ခ ၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခ ၊ ရက်လွန်ကြေးနှင့် ဒဏ်ကြေး တို့ကို သတ်မှတ်ချက်များနှင့်အညီ ပေးဆောင်ရမည်။

(ဃ) ပြတိုက်နှင့် စာကြည့်တိုက်များနှင့်စပ်လျဉ်းသည့်လုပ်ငန်းများကို သတ်မှတ် စံနှုန်းများနှင့်အညီ စနစ်တကျဖြစ်စေရေး ကြီးကြပ်စီမံဆောင်ရွက်ရမည်။

(င) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ ၊ လုပ်ထုံး လုပ်နည်းများ၊ အမိန့်ကြော်ငြာစာ ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာ ရမည်။

## အခန်း (၇)

## စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်သည့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၅။ စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လျှောက်လွှာပါအချက်အလက်များ မှန်ကန်မှု ရှိ /မရှိ စစ်ဆေးရမည်၊

(ခ) မှတ်ပုံတင်ရန်လျှောက်ထားသည့် ပြတိုက်နှင့် စာကြည့်တိုက်များသည် သတ်မှတ်စံနှုန်းများနှင့် ညီ/မညီ စစ်ဆေးရမည်၊

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ စစ်ဆေးရမည်။

၁၆။ ပုဒ်မ ၁၅ တွင် ဖော်ပြပါတာဝန်သတ်မှတ်ချက်များကို စစ်ဆေးရာတွင် အောက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များအရ စစ်ဆေးရမည် -

(က) ပြတိုက် သို့မဟုတ် စာကြည့်တိုက်များ ဖွင့်လှစ်ခြင်း သို့မဟုတ် ထားရှိခြင်းပြုမည့် နေရာသို့ သွားရောက်ပြီး တည်ရှိရာနေရာသည် ပတ်ဝန်းကျင်ဒေသနှင့် ဆီလျော်ခြင်း ရှိ မရှိ၊

(ခ) ပြတိုက် သို့မဟုတ် စာကြည့်တိုက်များအဆောက်အဦ၏ အမျိုးအစားနှင့် အကျယ်အဝန်းသည် သင့်လျော်သည့်အနေအထား ရှိ မရှိ ၊

(ဂ) ပြတိုက် သို့မဟုတ် စာကြည့်တိုက်များသည် သန့်ရှင်းသပ်ရပ်မှုနှင့် အခင်းအကျင်း ကောင်းမွန်မှု ရှိ မရှိ ၊

(ဃ) လိုအပ်သောပုဂ္ဂိုလ်များကို ခေါ်ယူတွေ့ဆုံမေးမြန်းခြင်း၊ လိုအပ်သော သတင်းအချက် အလက်နှင့် အထောက်အထားများ ၊ စာရွက်စာတမ်းများနှင့် စာတမ်းအမှတ်အသားများကို တင်ပြစေခြင်း ၊

(င) ပြတိုက်နှင့် စာကြည့်တိုက်များနှင့် စပ်လျဉ်းသည့် စာရင်းဇယားနှင့် စာရွက်စာတမ်းများ၊ စာတမ်းအမှတ်အသားများကို ကြည့်ရှုစစ်ဆေးခြင်း ၊ ကောက်နုတ်ချက် ရယူခြင်းနှင့် မိတ္တူကူးယူခြင်း၊

(စ) လုပ်ငန်းဆိုင်ရာ စာရင်းဇယားများနှင့် စာရွက်အမှတ်အသားများကို ပြုစုထားရှိခြင်း၊ ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ မှတ်ပုံတင်ရရှိသူက လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို ညွှန်ပြခြင်း ၊

(ဆ) လုပ်ငန်းလိုအပ်ချက်များကို သက်ဆိုင်ရာအစိုးရဌာန ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း ၊

(ဇ) အဖွဲ့က လိုအပ်သည်ဟုယူဆသောအချက်များကို စစ်ဆေးခြင်း ၊

(ဈ) စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို သတ်မှတ်ရက်အတွင်း ဝန်ကြီးဌာနမှ တစ်ဆင့် ကော်မတီထံ တင်ပြခြင်း ၊

(ည) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတင်ပြရာတွင် မှတ်တမ်းဓာတ်ပုံများအား တစ်ပါတည်း ပူးတွဲတင်ပြခြင်းနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးရန်ကိစ္စများရှိပါက သီးခြားတင်ပြခြင်း၊

(ဋ) ဝန်ကြီးက အခါအားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၈)

## ဥပဒေနည်းလမ်းအရ အရေးယူခြင်း

၁၇။ (က) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ ဖွင့်လှစ်ထားရှိသော မည်သည့်ပြတိုက် သို့မဟုတ် စာကြည့်တိုက်ကိုမဆို မြို့နယ်တရားရုံးမှ သက်ဆိုင်ရာ တရားသူကြီး တစ်ဦးဦးသည် ရဲအုပ်အဆင့်အောက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ဝင်ရောက် စစ်ဆေးရန် ဝရမ်းနှင့် လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းနိုင်သည်။ အဆိုပါရဲအရာရှိသည် ထိုပြတိုက် သို့မဟုတ် စာကြည့်တိုက်တွင် တွေ့ရှိသော စာပေများနှင့် အခြားအရာဝတ္ထုပစ္စည်းများကို သိမ်းယူသင့်သည်ဟု ယူဆလျှင် သိမ်းယူနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ သိမ်းယူထားသော စာပေ၊ အရာဝတ္ထုပစ္စည်းများကို ဝရမ်းထုတ်ဆင့်သော မြို့နယ်တရားရုံးသို့ ဆောလျင်နိုင်သမျှ ဆောလျင်စွာ တင်ပြရမည်။

(ဂ) အဆိုပါစာပေ၊ အရာဝတ္ထုပစ္စည်းများထားရှိခြင်းမှာ ဤဥပဒေ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ထားရှိခြင်းဖြစ်သည်ဟု မြို့နယ်တရားရုံး သက်ဆိုင်ရာတရားသူကြီးကယူဆလျှင် ထိုစာပေ၊ အရာဝတ္ထုပစ္စည်းများအား သိမ်းဆည်းစေနိုင်သည် သို့မဟုတ် ဖျက်ဆီးစေနိုင်သည်။

## အခန်း (၉)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၈။ ဤဥပဒေအရ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်း၊ စည်းကမ်း တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းနှင့် လိုက်နာရန်ပျက်ကွက်ကြောင်း တွေ့ရှိပါက ကော်မတီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ခွင့်ပြုထားသည့်မှတ်ပုံတင်လက်မှတ်ကို ယာယီရပ်ဆိုင်းခြင်း ၊

(ခ) ဒဏ်ကြေးပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး ဆက်လက် ဆောင်ရွက်ရန် ခွင့်ပြုခြင်း ၊

(ဂ) မှတ်ပုံတင်လက်မှတ်အား ပယ်ဖျက်ခြင်း။

၁၉။ ကော်မတီသည် ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၃ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သောမှတ်ပုံတင်လက်မှတ်ရရှိသူအား ပုဒ်မ ၁၈ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်ကို ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း (၁၀)
## အယူခံခြင်း

၂၀။ ကော်မတီ၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၂၁။ အစိုးရအဖွဲ့သည် အယူခံခြင်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကို ဖြစ်စေ ၊ အတည်ပြုခြင်း ၊ ပယ်ဖျက်ခြင်း ၊ ပြင်ဆင်ပြောင်းလဲခြင်း ၊ ပြန်လည်စိစစ်ရန် သို့မဟုတ် စစ်ဆေးစေရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၂၂။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)
## တားမြစ်ချက်များ

၂၃။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်လက်မှတ်မရှိပဲ ပြတိုက် သို့မဟုတ် စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိခြင်း မပြုရ။

၂၄။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များနှင့်အညီမဟုတ်ပဲ ပြတိုက် သို့မဟုတ် စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိခြင်း မပြုရ။

၂၅။ မည်သူမျှ ပြတိုက် သို့မဟုတ် စာကြည့်တိုက်များမှတ်ပုံတင်ကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုလုပ်ထားစဉ် ကာလအတွင်း ပြတိုက် သို့မဟုတ် စာကြည့်တိုက် လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခြင်းမပြုရ။

၂၆။ မည်သူမျှ မိမိရရှိထားသော ပြတိုက် သို့မဟုတ် စာကြည့်တိုက်များ မှတ်ပုံတင်ကို ခွင့်ပြုချက်မရရှိပဲ အခြားသူတစ်ဦးအား လွှဲပြောင်းလုပ်ကိုင်ဆောင်ရွက်စေခြင်း သို့မဟုတ် ဤဥပဒေအရ ခွင့်ပြုထားသည့် လုပ်ငန်းကိစ္စများမှအပ ပြောင်းလဲကျော်လွှန်ဆောင်ရွက်လုပ်ကိုင်ခြင်း မပြုရ။

၂၇။ မည်သူမျှ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ ၊ လုပ်ထုံးလုပ်နည်းများ ၊ အမိန့် ကြော်ငြာစာနှင့် အမိန့်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

## အခန်း (၁၂)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၈။ (က) မည်သူမဆို ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) တရားရုံးသည် ပုဒ်မခွဲ (က) အရ ပြစ်မှုထင်ရှားစီရင်ရာတွင် သက်သေခံ ပစ္စည်းအဖြစ် သိမ်းဆည်းထားသည့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည် သို့တည်းမဟုတ် ဖျက်ဆီးနိုင်သည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၃)
## အထွေထွေ

၃၀။ ဤဥပဒေအရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုရာတွင် ကော်မတီ၏ ကြိုတင် ခွင့်ပြုမိန့်ကို ရယူရမည်။

၃၁။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြတိုက် သို့မဟုတ် စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူအကျိုးငှာ အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးအား ဤဥပဒေအရ မှတ်ပုံတင်လက်မှတ် ရယူခြင်းမှ ဖြစ်စေ၊ မှတ်ပုံတင်ခ သို့မဟုတ် အခကြေးငွေ ပေးသွင်းခြင်းမှဖြစ်စေ ကင်းလွတ်ခွင့် ပြုနိုင်သည်။

၃၂။ ဤဥပဒေအရ အရေးယူသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်သည်။

၃၃။ ကော်မတီဝင်များသည် ဤဥပဒေအရပေးအပ်သောတာဝန်ကို ထမ်းဆောင်ချိန်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၃၄။ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သော ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ မှတ်ပုံတင်အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ စစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ ၊ တရားမကြောင်းဖြင့်သော်လည်းကောင်း ၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၃၅။ (က) ဤဥပဒေအာဏာမတည်မီ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တည်ထောင်ထားသော ပြတိုက် သို့မဟုတ် စာကြည့်တိုက်များသည် သတ်မှတ်သည့် သက်တမ်းကုန်သည်အထိ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) သက်တမ်းကုန်ဆုံးပြီး ဆက်လက်ဆောင်ရွက်လိုပါက သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ သက်တမ်းတိုး၍ ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။

၃၆။ ဤဥပဒေမပြဋ္ဌာန်းမီ ထုတ်ပြန်ခဲ့သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့် ပြတိုက်နှင့်စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၃၇။ ဦးစီးဌာနသည် ကော်မတီ၏လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို စီမံဆောင်ရွက်ပေးရမည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများ ၊ စည်းမျဉ်းစည်းကမ်းများ ၊ လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီး သို့မဟုတ် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောအမိန့်ကြော်ငြာစာ ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန် နိုင်သည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီးပိုင် ပစ္စည်းများ၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်း

# ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်း ဥပဒေ

( ၂၀၁၅ ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄ ။ )

၁၃၇၇ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

( ၂၀၁၅ ခုနှစ် ၊ ဩဂုတ်လ ၁၀ ရက် )

## နိဒါန်း

စစ်ကိုင်တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သက်ဆိုင်ရာ ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သက်ဆိုင်ရာ ဝန်ကြီးဌာနဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ တိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

(စ) **စစ်ကိုင်းတိုင်းဒေသကြီးပိုင်ပစ္စည်းများ** ဆိုသည်မှာ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဘဏ္ဍာငွေဖြင့် ဝယ်ယူထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ၊ တိုင်းဒေသကြီး ဝန်ကြီးဌာနတစ်ခုခု၏ ဘဏ္ဍာငွေဖြင့် ဝယ်ယူထားသော ရွှေ့ပြောင်း နိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်း နိုင်သောပစ္စည်းများနှင့် ပြည်ထောင်စုအစိုးရမှ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုင်းဒေသကြီးပိုင်အဖြစ် လွှဲပြောင်းပေးအပ်သော ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ဆိုသည်။

(ဆ) **ခွင့်ပြုမိန့်** ဆိုသည်မှာ တိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုသည့် အမိန့်ကို ဆိုသည်။

(ဇ) **ဦးစီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို ဆိုသည်။

(ဈ) **တိုင်းဒေသကြီးဦးစီးဌာနမှူး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဝန်ထမ်းအကြီးအမှူးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စစ်ကိုင်းတိုင်းဒေသကြီးပိုင်ပစ္စည်းများအား ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများပြုလုပ်ရာတွင် ဥပဒေ နှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်ရန်၊

(ခ) တိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း ၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်းများပြုလုပ်ရာတွင် စနစ်တကျ ဖြစ်စေရန်၊

(ဂ) တိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း ၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများပြုလုပ်ရာတွင် တိုင်းဒေသကြီးပိုင် ပစ္စည်းများ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း၊ ထိခိုက်နစ်နာစေခြင်း၊ အငြင်းပွားခြင်းများ မရှိစေရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည်-

(က) သက်ဆိုင်ရာဝန်ကြီးဌာနဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး ဦးစီးဌာနမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာနနှင့် အသင်းအဖွဲ့များမှ သင့်လျော်သော ပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သောကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသောကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော မူဝါဒများချမှတ်ခြင်း ၊ လမ်းညွှန်ခြင်းနှင့်ကြီးကြပ်ခြင်း၊

(ခ) တိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း ၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများပြုလုပ်ရာတွင် လိုအပ်သည့် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(ဂ) တိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း ၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေ၊နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(ဃ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေ ၊ နည်းဥပဒေ ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပါက ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရေးအတွက် သဘောထား မှတ်ချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခြင်း ၊

(င) တိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း ၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်းပြီး ခွင့်ပြုမိန့်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း ၊

(စ) တိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း ၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုသည့်ကာလ ၊ သတ်မှတ်သည့် အခကြေးငွေ၊ သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေးနှင့် ဒဏ်ကြေးတို့ သတ်မှတ်ခြင်း ၊

(ဆ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## တိုင်းဒေသကြီးပိုင် ပစ္စည်းများ ရောင်းချခြင်း

၆။ ကော်မတီသည် တိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်းပြုလုပ်ပါက တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သတ်မှတ်ပေးသည့် အနိမ့်ဆုံးလေလံကြမ်းခင်းဈေးကို အခြေခံ၍ လေလံစနစ်ဖြင့် ရောင်းချရမည်။

၇။ ကော်မတီသည် လေလံစနစ်ဖြင့်ရောင်းချရာတွင် လေလံအမြင့်ဆုံးပေးဝယ်သူအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ စိစစ်ပြီး ရောင်းချခွင့်ပြုသင့် မသင့် သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြရမည်။

၈။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကော်မတီ၏ တင်ပြလာမှုအပေါ်စိစစ်ပြီး ရောင်းချမှုအား ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၉။ တိုင်းဒေသကြီးအစိုးရအဖွဲ့က ရောင်းချခြင်းကို သဘောတူခွင့်ပြုမိန့်ထုတ်ပေးလျှင် အစိုးရအဖွဲ့ အတွင်းရေးမှူးသည် အစိုးရအဖွဲ့ကိုယ်စား ရောင်းချသူအနေဖြင့် စာချုပ်စာတမ်းချုပ်ဆိုပြီး လက်မှတ်ရေးထိုး ရောင်းချရမည်။

၁၀။ အစိုးရအဖွဲ့သည် ကော်မတီ၏တင်ပြချက်အရ လေလံဆွဲဝယ်သူများမှ လေလံကို မမှန်မကန် ပြုလုပ်ခဲ့ကြောင်း သိရှိပါက အဆိုပါလေလံကို ဖျက်သိမ်းပြီး လေလံပြန်လည်ကျင်းပရန် ညွှန်ကြားနိုင်သည်။

## အခန်း (၆)
## တိုင်းဒေသကြီးပိုင်ပစ္စည်းများ ငှားရမ်းခြင်း၊ အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်း၍ လျှောက်ထားခြင်းနှင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း

၁၁။ တိုင်းဒေသကြီးပိုင်ပစ္စည်းများ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်လိုသူသည် ဤဥပဒေအရ ခွင့်ပြုမိန့်ရရှိရန် ကော်မတီသို့ လျှောက်လွှာနှင့်အတူ သတ်မှတ်ထားသည့် စာရွက်စာတမ်းများ ပူးတွဲလျက် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ထားသည့်ကာလအတွင်း လျှောက်ထားရမည်။

၁၂။ ကော်မတီသည်-

(က) တိုင်းဒေသကြီးပိုင်ပစ္စည်းများ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများကို လျှောက်ထားမှုနှင့်ပတ်သက်၍ သတ်မှတ်ချက်များနှင့် ပြည့်စုံညီညွတ်မှု ရှိ မရှိ စိစစ် ရမည်။

(ခ) တိုင်းဒေသကြီးပိုင်ပစ္စည်းများ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း များနှင့်စပ်လျဉ်း၍ လျှောက်ထားမှုအပေါ် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ သဘောထားမှတ်ချက် တောင်းခံနိုင်သည်။

(ဂ) သတ်မှတ်ချက်များနှင့် ပြည့်စုံညီညွတ်ပါက တိုင်းဒေသကြီးပိုင်ပစ္စည်းများ ငှားရမ်းခြင်း နှင့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရန် ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရေးအတွက် မိမိ၏သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ တင်ပြရမည်။

၁၃။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည်-

(က) ကော်မတီ၏ တင်ပြလာမှုအပေါ် စိစစ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၁၄။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးပိုင်ပစ္စည်းများ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများ ပြုလုပ်ခွင့်ပြုပါက အစိုးရအဖွဲ့အတွင်းရေးမှူးသည် အစိုးရအဖွဲ့ကိုယ်စား ခွင့်ပြုသူအနေဖြင့် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုရမည်။

၁၅။ တိုင်းဒေသကြီးပိုင်ပစ္စည်းများ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများ ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးသဖြင့် သက်တမ်းတိုးမြှင့်လိုသူသည်-

(က) သက်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။
(ခ) ကော်မတီသည် လျှောက်ထားချက်အား သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်း ရှိ မရှိ စိစစ်ပြီးနောက် မိမိ၏သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ တင်ပြရမည်။

၁၆။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည်-

(က) ခွင့်ပြုမိန့်သက်တမ်းကို တိုးမြှင့်ပေးနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။
(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၁၇။ တိုင်းဒေသကြီးပိုင်ပစ္စည်းများ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများ သက်တမ်းကုန်ဆုံးလျှင်ဖြစ်စေ၊ သက်တမ်းတိုးမြှင့်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က ငြင်းပယ်လျှင်ဖြစ်စေ၊ ဆောင်ရွက်ခွင့်ရသူက ပြန်လည်အပ်နှံလျှင်ဖြစ်စေ ခွင့်ပြုမိန့်ပျက်ပြယ်သည်။

## အခန်း(၇)
## ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များ

၁၈။ တိုင်းဒေသကြီးပိုင်ပစ္စည်းများ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများ ပြုလုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် အောက်ပါတာဝန်များကို လိုက်နာဆောင်ရွက်ရမည်-

(က) စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာခြင်း၊
(ခ) စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အသုံးပြုခြင်း၊
(ဂ) ခွင့်ပြုမိန့်ရရှိသည့် တိုင်းဒေသကြီးပိုင်ပစ္စည်းများနှင့်ပတ်သက်၍ မိမိတို့နှင့် ဆက်နွယ်မှုရှိသူများ၊အခြားလူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား တစ်ဆင့် လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းများကို ပြုလုပ်လိုပါက အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်ခြင်း၊
(ဃ) တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ဖောက်ဖျက် အသုံးပြုခြင်းမှ ရှောင်ကြဉ်ခြင်း၊
(င) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက် များကို လိုက်နာဆောင်ရွက်ခြင်း။

၁၉။ တိုင်းဒေသကြီးပိုင်ပစ္စည်းများ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများ ပြုလုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသောမြေ၏ မြေပေါ်မြေအောက်၌ ခွင့်ပြုသည့် လုပ်ငန်းနှင့် မသက်ဆိုင်သော မူလစာချုပ်တွင်မပါဝင်သည့် သဘာဝသယံဇာတတွင်းထွက် ပစ္စည်းများကို ဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် ရတနာသိုက်တို့ကိုဖြစ်စေ တွေ့ရှိလျှင် ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့သို့ ချက်ချင်းအကြောင်းကြားရမည်။ အစိုးရအဖွဲ့က ခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက် လုပ်ကိုင်နိုင်သည် ခွင့်ပြုချက်မရလျှင် အစိုးရအဖွဲ့က အစားထိုးစီစဉ်ပေးသည့် နေရာသို့ ပြောင်းရွှေ့ ဆောင်ရွက်ရမည်။

## အခန်း(၈)
## စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ

၂၀။ ကော်မတီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ခွင့်ပြုမိန့်ရရှိသူက လိုက်နာရန်ပျက်ကွက်လျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် တစ်ရပ်ရပ်ကို ဖြစ်စေ၊ ပြစ်ဒဏ်များကိုဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ဂ) နောင်တွင် မည်သည့်ခွင့်ပြုမိန့်မျှ ထုတ်ပေးမည်မဟုတ်သော အမည်ပျက် စီးပွားရေး လုပ်ငန်းနှင့် လုပ်ငန်းရှင်စာရင်း၌ ထည့်သွင်းခြင်း။

## အခန်း(၉)
## အငြင်းပွားမှု ဖြေရှင်းခြင်း

၂၁။ တိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း တို့နှင့် စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက-

(က) အငြင်းပွားသူ ပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို အငြင်းပွားသူများအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖြေရှင်း၍ ပြေလည်မှုမရရှိပါက အငြင်းပွားသူ ပုဂ္ဂိုလ်များအချင်းချင်း နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၁၀)
## အထွေထွေ

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် တိုင်းဒေသကြီးအစိုးရအဖွဲ့က အများပြည်သူအကျိုးအလို့ငှာ တိုင်းဒေသကြီးပိုင်ပစ္စည်းတစ်ခုခုကို အစိုးရဌာနတစ်ခုခုသို့ လွှဲပြောင်းခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၃။ ဤဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီက တိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းတို့သည် ဤဥပဒေအရ ပြုလုပ်သည်ဟု မှတ်ယူရမည်။

၂၄။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်သည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မတီအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ၊ တရားမကြောင်းဖြင့် သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့် သော်လည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီးအသေးစားငွေချေးလုပ်ငန်း

# ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး အသေးစားငွေချေးလုပ်ငန်းဥပဒေ

## ( ၂၀၁၆ ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁။ )

၁၃၇၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီ လ ၂၈ ရက် )

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီးအသေးစားငွေချေးလုပ်ငန်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကိုဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော အသေးစားငွေချေးလုပ်ငန်း ကော်မတီကို ဆိုသည်။

(စ) **အသေးစားငွေချေးခြင်း** ဆိုသည်မှာ အခြေခံလူတန်းစား၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရန်နှင့် ယင်းတို့၏ လူမှုစီးပွားရေးဘဝတိုးတက်မြင့်မားရန် အာမခံ ပစ္စည်းတင်သွင်းရန် မလိုဘဲ အသေးစားချေးငွေ ထုတ်ချေးသည့် လုပ်ငန်းကို ဆိုသည်။

(ဆ) **အသေးစားငွေချေးသူ** ဆိုသည်မှာ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ရရှိပြီး အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်သူကိုဆိုသည်။

(ဇ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ကော်မတီက အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ထုတ်ပေးသည့် အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ကို ဆိုသည်။

(ဈ) **ဦးစီးဌာန** ဆိုသည်မှာ တိုင်းဒေသကြီး ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနကို ဆိုသည်။

(ည) **တိုင်းဒေသကြီးဦးစီးဌာနမှူး** ဆိုသည်မှာ တိုင်းဒေသကြီး ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၏ ဝန်ထမ်းအကြီးအမှူးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အခြေခံလူတန်းစားများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန် ၊

(ခ) အခြေခံလူတန်းစားတို့အနေဖြင့် ကြီးမားသောအတိုးပေး၍ ငွေချေးယူနေရခြင်းမှ လွတ်မြောက်စေရန် ၊

(ဂ) အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် ၊

(ဃ) အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဖန်တီးပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်နိုင်စေရန်၊

(င) အခြေခံလူတန်းစားများအတွက် အမှန်တကယ်လိုအပ်သော ငွေကြေးများကို သက်သာသောအတိုးနှုန်းဖြင့် ရရှိနိုင်စေရန် ၊

(စ) တိုင်းဒေသကြီးအတွင်း အသေးစားငွေချေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လုပ်ကိုင် ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## ကော်မတီ ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် -

(က) တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ တိုင်းဒေသကြီးဦးစီးဌာနမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သင့်လျော်သော အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက အဖွဲ့ဝင်များ အဖြစ်လည်းကောင်း ပါဝင်သည့် တိုင်းဒေသကြီးအသေးစား ငွေချေးလုပ်ငန်း ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

## အခန်း (၄)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၅။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသေးစားငွေချေးလုပ်ငန်းဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်ချက်များကို ချမှတ်ဆောင်ရွက်ခြင်း၊

(ခ) အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း ၊

(ဂ) အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ စိစစ်ပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်လိုသူအား အနည်းဆုံး ထည့်ဝင်ရမည့် မတည်ငွေရင်း သတ်မှတ်ခြင်း ၊

(င) အသေးစားငွေချေးလုပ်ငန်းအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကြေး မတည်ငွေရင်း ပမာဏအပေါ် ကောက်ခံသည့်လိုင်စင်ကြေးနှင့် နှစ်စဉ် လိုင်စင်ကြေးများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း ၊

(စ) စည်းကမ်းလိုက်နာမှုမရှိသော အသေးစားငွေချေးလုပ်ငန်း လိုင်စင်ရရှိသူများအား စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း ၊

(ဆ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၆။ ဦးစီးဌာနသည် အသေးစားငွေချေး လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်လွှာများကို စိစစ်၍ သဘောထားမှတ်ချက်နှင့် အတူ ကော်မတီသို့ တင်ပြခြင်း ၊

(ခ) အသေးစားငွေချေးသူများ ထိန်းသိမ်းထားရှိရမည့် စာရင်းပုံစံများနှင့် အစီရင်ခံရမည့် ပုံစံများကို သတ်မှတ်ခြင်း ၊

(ဂ) အသေးစားငွေချေးသူများကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ကွင်းဆင်း စစ်ဆေးခြင်း၊

(ဃ) အသေးစားငွေချေးသူများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ အစီရင်ခံတင်ပြခြင်း ၊

(င) ကော်မတီက အခါအားလျော်စွာပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၆)
## လိုင်စင်လျှောက်ထားခြင်းနှင့်ခွင့်ပြုချက်ထုတ်ပေးခြင်း

၇။ အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် ဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံနှင့်အတူ လျှောက်ထားရမည်။

၈။ အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားသူသည် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံရမည် -

(က) စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လျှောက်ထားသည့်မြို့နယ်တွင် လုပ်ငန်းအခြေတကျ လုပ်ကိုင်နေထိုင်သူ နိုင်ငံသား ဖြစ်ရမည်။

(ခ) ငွေကြေးဆိုင်ရာ ဂုဏ်သတင်းပျက်ယွင်းသူမဖြစ်စေရ။

(ဂ) စိတ်ပေါ့သွပ်သူ မဖြစ်စေရ။

(ဃ) သာသနာ့ဝန်ထမ်းမဖြစ်စေရ။

(င) ကော်မတီမှ သတ်မှတ်ထားသော မတည်ငွေရင်း အမှန်တကယ်လက်ဝယ်ရှိသူ ဖြစ်ရမည်။

၉။ ဦးစီးဌာနသည် ကော်မတီကပေးပို့သော လျှောက်ထားသည့် လိုင်စင်လျှောက်လွှာကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်၍ လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း မိမိ၏သဘောထားမှတ်ချက်ဖြင့် ကော်မတီသို့ ပြန်လည်တင်ပြရမည်။

၁၀။ ကော်မတီသည် ဦးစီးဌာနမှ တင်ပြလာမှုအပေါ် စိစစ်ပြီး လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၁။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုင်စင်ထုတ်ပေးရန် ဆုံးဖြတ်လျှင် လိုင်စင်လျှောက်ထားသူအား လိုင်စင်ကြေးကို သတ်မှတ်ချက်များနှင့် အညီ ပေးသွင်းရန် ညွှန်ကြားရမည်။

၁၂။ ကော်မတီသည် လိုင်စင်လျှောက်ထားသူက လိုင်စင်ကြေးကို ပေးသွင်းပြီးကြောင်း အထောက်အထားတင်ပြလာမှသာ အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးရမည်။

၁၃။ အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိသူသည် လိုင်စင်တွင် သတ်မှတ်ခွင့်ပြုသော နယ်မြေအတွင်းသာ လုပ်ကိုင်ရမည်။

၁၄။ အသေးစားငွေချေးသူသည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ဖျက်သိမ်းလိုပါက ဖျက်သိမ်းလိုသည့် အကြောင်းအကြောင်းဖော်ပြချက်ကို ပြည့်စုံစွာဖော်ပြ၍ ဦးစီးဌာနမှတစ်ဆင့်

ကော်မတီသို့ အနည်းဆုံး ရက်ပေါင်း (၃၀) ကြိုတင်လျှောက်ထားရမည်။

၁၅။ ကော်မတီသည် ပုဒ်မ ၁၄ ပါ လုပ်ငန်းဖျက်သိမ်းခွင့်ပြုရန် လျှောက်ထားလွှာအား လက်ခံရရှိသည့်အခါ လိုင်စင်ရရှိသူ၏ငွေချေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် စာရင်းရှင်းလင်း ဆောင်ရွက်ရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

၁၆။ ဦးစီးဌာနသည် -

(က) ကော်မတီ၏စာရင်းရှင်းလင်းဖျက်သိမ်းရန် ညွှန်ကြားချက်ကို လက်ခံရရှိသည့်အခါ လိုင်စင်ရရှိသူ၏ငွေချေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ပေးရန် ရရန်ရှိသည့်ကိစ္စရပ်များကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) စာရင်းရှင်းလင်းဆောင်ရွက်ပြီးစီးသည့်အခါ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာကို ကော်မတီသို့ တင်ပြရမည်။

၁၇။ ကော်မတီသည် ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာကို လက်ခံရရှိသည့်အခါ အစိုးရအဖွဲ့ထံတင်ပြပြီး အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်အား ဖျက်သိမ်းရမည်။

## အခန်း (၇)
## လိုင်စင်ရရှိသူ၏ တာဝန်များ

၁၈။ အသေးစားငွေချေးလိုင်စင်ရရှိသူသည် -

(က) လိုင်စင်ရရှိသည့်နေ့မှ ခြောက်လအတွင်း လုပ်ငန်းစတင်ဆောင်ရွက်ရမည်။

(ခ) ငွေထုတ်ချေးရာတွင် ငွေချေးကတိစာချုပ် ချုပ်ဆိုပြီး ငွေထုတ်ချေးရမည်။ ငွေချေး ကတိစာချုပ်မိတ္တူမှန်ကို ငွေချေးယူသူအား ပေးအပ်ရမည်။

(ဂ) ချေးငွေ ကျပ်တစ်ရာပေါ်တွင် တစ်လလျှင်အတိုးနှုန်း နှစ်ဒသမငါး ရာခိုင်နှုန်းထက် ပို၍ရယူခြင်းမပြုရ။

(ဃ) ငွေချေးယူသူတစ်ဦးလျှင် ချေးငွေကျပ်တစ်ဆယ်သိန်းထက် ပို၍ ငွေထုတ်ချေးခြင်းမပြုရ။

(င) ငွေချေးယူသူအား ငွေထုတ်ချေးရာတွင် သတ်မှတ်ထားသော ငွေချေးမှတ်တမ်းပုံစံတွင် ပြည့်စုံစွာရေးသွင်းထားရမည်။

(စ) ငွေချေးကြောင်းသက်သေခံအထောက်အထားအဖြစ် ငွေချေးမှတ်တမ်း ပုံစံ၏ မိတ္တူမှန်ကို ငွေချေးယူသူအားပေးအပ်ရမည်။

## အခန်း (၈)
## ငွေချေးယူသူ၏တာဝန်များ

၁၉။ ငွေချေးယူသူသည် -

(က) နိုင်ငံသားဖြစ်ကြောင်း အထောက်အထားအဖြစ် အမျိုးသားမှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်ကို လက်ခံနိုင်ရန်အတွက် မူရင်းနှင့်ပူးတွဲ တင်ပြရမည်။

(ခ) ငွေချေးယူရာတွင် ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်း အခြေတကျ နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ပူးတွဲတင်ပြ ရမည်။

(ဂ) မိမိချေးယူခဲ့သောချေးငွေအတွက် သတ်မှတ်ထားသည့် အတိုးကို အသေးစား ငွေချေး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူထံ လစဉ်ပေးဆပ်ရမည်။

(ဃ) အသေးစားငွေချေးလိုင်စင်ရရှိသူအား တစ်နှစ်ပြည့်သည့်အချိန်တွင် ပေးရန် ကျန်ရှိသော အတိုးရောအရင်းပါ ပေးဆပ်ရမည်။ ထပ်မံချေးယူလိုပါက ငွေချေး ကတိစာချုပ်အသစ် ချုပ်ဆိုပြီး ချေးယူနိုင်သည်။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၀။ ကော်မတီသည် လိုင်စင်ရရှိသူက ဤဥပဒေအခန်း ၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် လိုင်စင်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း ၊

(ခ) ဒဏ်ကြေးပေးဆောင်စေခြင်း ၊

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်သက်တမ်းကို ကာလကန့်သတ်ချက်ဖြင့် ရပ်စဲခြင်း၊

(ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ဖျက်သိမ်းခြင်း။

၂၁။ ပုဒ်မ ၂၀ အရ အရေးယူခံရသည့် လိုင်စင်ရရှိသူတစ်ဦးဦးသည် ကော်မတီ၏ ရှေ့မှောက်တွင် ဖြေရှင်းတင်ပြခွင့် အပြည့်အဝရရှိစေရမည်။

## အခန်း (၁၀)
## အယူခံခြင်း

၂၂။ ဤဥပဒေ အခန်း ၉ အရ ကော်မတီက ချမှတ်သောစီမံခန့်ခွဲရေးဆိုင်ရာအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သော လိုင်စင်ရငွေချေးသူသည် အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၂၃။ အစိုးရအဖွဲ့သည် ကော်မတီက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၄။ အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)
## လိုင်စင်သက်တမ်း ၊ လိုင်စင်ကြေး ၊ ဒဏ်ကြေး ၊ သက်တမ်းတိုးမြှင့်ခြင်း ၊ လိုင်စင်သက်တမ်း တိုးမြှင့်ကြေး

၂၅။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုင်စင်သက်တမ်းကို သတ်မှတ်ရမည်။

၂၆။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အသေးစားငွေချေးလုပ်ငန်း လိုင်စင်ကြေး ၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေးနှင့် ဒဏ်ကြေးတို့ကို သတ်မှတ်ရမည်။

၂၇။ ကော်မတီသည် အသေးစားငွေချေးလုပ်ငန်းလိုင်စင် နှင့် စပ်လျဉ်း၍ လိုင်စင်ကြေး၊ လိုင်စင် သက်တမ်းတိုးမြှင့်ကြေးနှင့် ဒဏ်ကြေးတို့ကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုအပ်သလိုပြင်ဆင် ပြောင်းလဲသတ်မှတ်နိုင်သည်။

၂၈။ အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်း တိုးမြှင့်လိုပါက လိုင်စင်သက်တမ်း မကုန်ဆုံးမီအနည်းဆုံး ရက်ပေါင်း (၃၀) ကြိုတင်၍ ဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့ လျှောက်ထားရမည်။

၂၉။ ဦးစီးဌာနသည် လိုင်စင်ရရှိသူ၏ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာကို လက်ခံ ရရှိသည့်နေ့မှ (၁၅) ရက်အတွင်း မိမိ၏သဘောထားမှတ်ချက်ဖြင့် ကော်မတီသို့ တင်ပြရမည်။

၃၀။ ကော်မတီသည် ဦးစီးဌာန၏ သဘောထားမှတ်ချက်ဖြင့် တင်ပြလာသော လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်လွှာကို စိစစ်ပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၁၂)
## တားမြစ်ချက်များ

၃၁။ မည်သူမဆို -

(က) လုပ်ငန်းလိုင်စင်မရှိဘဲ အသေးစားငွေချေးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

(ခ) လုပ်ငန်းလိုင်စင်သက်တမ်းကျော်လွန်ပြီး သက်တမ်းတိုးမြှင့်ခြင်းမပြုဘဲ အသေးစား ငွေချေးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၃၂။ မည်သည့်ငွေချေးယူသူမျှ -

(က) ဤဥပဒေအရ ငွေချေးယူသူသည် အသေးစားငွေချေးလုပ်ငန်း လိုင်စင်ရရှိသူထံမှငွေချေးယူပြီးနောက် သတ်မှတ်ထားသည့် အတိုးငွေကို တစ်ဆက်တစ်စပ်တည်းခြောက်လထက်ပို၍ ပေးဆပ်ရန် ပျက်ကွက်ခြင်းမပြုရ။

(ခ) ဤဥပဒေအရ ငွေချေးယူသူသည် အသေးစားငွေချေးလုပ်ငန်း လိုင်စင် ရရှိသူထံမှငွေချေးယူပြီး နောက်တစ်နှစ်ပြည့်သောအချိန်တွင် ပေးရန်ကျန်ရှိသော အတိုးရောအရင်းပါ ပေးဆပ်ရန် ပျက်ကွက်ခြင်း မပြုရ။

၃၃။ မည်သည့်လုပ်ငန်းလိုင်စင်ရရှိသူမျှ ကော်မတီ၏ ခွင့်ပြုချက် မရရှိလျှင် -

(က) လုပ်ငန်းတည်နေရာပြောင်းရွှေ့လုပ်ကိုင်ခြင်းမပြုရ။

(ခ) လုပ်ငန်းလိုင်စင်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ။

## အခန်း (၁၃)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၄။ မည်သူမဆို ပုဒ်မ ၃၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူကို ခြောက်လကထက်မပိုသောထောင်ဒဏ်ဖြစ်စေ ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၅။ မည်သူမဆို ပုဒ်မ ၃၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်တစ်လမှ အများဆုံး ထောင်ဒဏ်ခြောက်လ အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၆။ မည်သူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူကို သုံးလထက်မပိုသောထောင်ဒဏ်ဖြစ်စေ ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၄)

## အထွေထွေ

၃၇။ အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် ကိုယ်ပိုင်လုပ်ငန်းအမည်၊ ကိုယ်ပိုင်တံဆိပ်၊ စဉ်ဆက်မပြတ်ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုခွင့် နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိသည်။

၃၈။ ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သာ သက်ဆိုင်စေရမည်။

၃၉။ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် အခွန်စည်းကြပ်မှုနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၄၀။ ပုဒ်မ ၃၄ နှင့် ပုဒ်မ ၃၆ အရ တရားစွဲဆိုသော ပြစ်မှုများကို တိုင်းဒေသကြီး ဦးစီးဌာနမှူးကဖြစ်စေ ၎င်းကလွှဲအပ်သော အရာရှိကဖြစ်စေ သက်ဆိုင်ရာတရားရုံးတွင် တရားလို အဖြစ် ဦးတိုက်လျှောက်ထား တရားစွဲဆိုရမည်။

၄၁။ ပုဒ်မ ၃၅ အရ တရားစွဲဆိုသောပြစ်မှုများကို အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိသူကဖြစ်စေ ၊ ၎င်းကတရားဝင်လွှဲအပ်သော ကိုယ်စားလှယ်ကဖြစ်စေ သက်ဆိုင်ရာ တရားရုံးတွင် တရားလိုအဖြစ် ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်။

၄၂။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုများနှင့်စပ်လျဉ်း၍ တရားလိုက ကျေနပ်လျှင် တရားရုံး၏ ခွင့်ပြုချက်ဖြင့် ကျေအေးခွင့်ရှိသည်။

၄၃။ ဤဥပဒေမပြဋ္ဌာန်းမီက တိုင်းဒေသကြီးအတွင်း အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသူသည် အသေးစားငွေချေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့မှ သုံးလအတွင်း ဤဥပဒေပါသတ်မှတ်ချက်များနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၄၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်

(က) ကော်မတီသည် လိုအပ်သောနည်းဥပဒေများ ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဦးစီးဌာနသည် လိုအပ်သော အမိန့် ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ကော်မတီ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့